## "ဂျပန်နိုင်ငံတွင် ပညာသင်ကြားနေစဉ် ဝင်ငွေရှာနိုင်သည်" ဟု စိတ်ပါဝင်စားစေရန် ပြောသောပညာရေးဝန်ဆောင်မှု အေဂျင်စီများကို အထူးသတိပြုပါ

ယခုအခါ အချို့သော ပညာရေးဝန်ဆောင်မှု အေဂျင်စီများ၏ website တွင် " ဂျပန်နိုင်ငံသို့ ပညာသင် သွားလိုသူများ အတွက်" ဆိုသည့် ကဏ္ဍတွင် အောက်ပါ **သတင်းအမှား** များကို ဖော်ပြလျှက်ရှိပါသည်။

**သတင်းအမှား !** "ပညာသင်ယူရင်း အချိန်ပိုင်းအလုပ်လုပ်ပြီး တစ်လလျှင် ယန်းသုံးသိန်းခန့်ရှာနိုင်မည်။" ⇒ မရနိုင်ပါ။

**သတင်းအမှား !** "တစ်နာရီလုပ်အားခ ယန်းသုံးထောင်ခန့်ရမည်။" ⇒ တကယ့်အမှန်မှာ ၇ ဒေါ်လာလောက်ပဲ ရနိုင်ပါသည်။

**သတင်းအမှား !** "ပညာသင်ယူနေစဉ် အချိန်ပိုင်းအလုပ်လုပ်သည့်ဝင်ငွေဖြင့် ကျောင်းလခနှင့်နေထိုင်စားသောက်စရိတ်ကိုကာမိပြီး မိမိတိုင်းပြည်သို့ ငွေပြန်ပို့နိုင်မည်။" ⇒ မဖြစ်နိုင်ပါ။

ပညာသင် ဆိုသည်မှာ စာကိုသာ ကြိုးစား သင်ယူရမည်ဖြစ်ပြီး အလုပ်ကို အဓိကထားရမည် မဟုတ်ပါ။ " Student Guide to Japan" တွင် ဂျပန်နိုင်ငံတွင် ငွေရေးကြေးရေး အစီအစဉ်နှင့် အချိန်ပိုင်းအလုပ်နှင့် ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြ ထားပါသဖြင့် သေချာစွာဖတ်ရှုပြီး အစီအစဉ်များ ချမှတ် ဆောင်ရွက်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။